# ရင်းရယ်ကျေးရွာ

# ရေးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရင်းရယ်ကျေးရွာ၊ ရေးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ဇွန်လ

Scanned by CamScanner

## မာတိကာ


မာတိကာ

စကားချီး

ရင်းရယ်ကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)




Scanned by CamScanner

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး



Scanned by CamScanner

ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရင်းရယ်ကျေးရွာ
ရေးမြို့နယ်



Scanned by CamScanner

ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မှတောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။


ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရင်းရယ်ကျေးရွာ
ရေးမြို့နယ်



Scanned by CamScanner

## နှင်းစုံကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်




Scanned by CamScanner

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရင်းရယ်ရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၏ရင်းရယ်ကျေးရွာအုပ်စု ရေးမြို့နယ်တောင်ပိုင်း ရေး-ခါဇာ ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းမတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး မိုးတွင်းကာလရေကြီးချိန်၌ ကျေးရွာအနိမ့်ပိုင်းတွင် ရေလွှမ်းမိုးမှု ခံရတတ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ( )ခန့် ရရှိသည်။ ဘာဝပေါက်ပင်များမှာ သရက်၊ ငှက်ပျောနှင့် ကွမ်းပင်စသောအပင်များပေါက်ရောက်သည်။မိုးစပါး စိုက်ပျိုးနိုင်သောလယ် (၂၆.၅)ကေခန့်၊ နှစ်ရှည်သီးနှံပင်(သရက်၊ငှက်ပျော၊ကွမ်းပင်)စိုက်ပျိုးနိုင်သောဥယျာဉ်ခြံမြေ(၁၄၄၈.၂)ကေခန့်ရှိ ပါသည်။ မြစ်ချောင်းရေမှ သွင်းယူပြီး မိုးစပါးစိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စတွင်ကျေး ရွာသူ/ရွာသားများကဝိုင်းဝန်းဆောင်ရွက်ကြပါသည်။အမျိုးသား/သမီးလူငယ်အဖွဲ့၊ဂေါပက အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့နှင့် လုံခြုံရေးအဖွဲ့တို့ဖြစ်သည်။ ကျေးရွာတွင် လူမှုရေးကိစ္စကြီး ငယ်ပေါ်ပေါက်လျှင်ရွာသားများစည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်သောအလေ့အကျင့် ကောင်းများ ရှိသည်။ကျေးရွာတွင် သာသနာရေးကိစ္စဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းများကကျေးရွာဖွံ့ဖြိုးရေးကိုစီမံကိန်းချ၍ရေရှည်ဆောင်ရွက်နိုင်မည့်အဖွဲ့အစည်း စနစ် မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ရင်းရယ်ကျေးရွာ၏ အဓိကဝင်ငွေလုပ်ငန်းမှာ ဥယျာဉ်ခြံလုပ်ငန်း ဖြစ်သည်။ နွေရာသီနှင့် ဆောင်းရာသီတွင် ကွမ်းသီးထွက်ချိန်ဖြစ်သည်။ ကျေးရွာတွင်ဥယျာဉ်ခြံမြေ (၁၄၄၈.၂)ကေနှင့် စိုက်ပျိုးမြေ(၂၆.၅)ကေတို့ဖြင့် စိုက်ပျိုးကြသည်။နှစ်စဉ်ကွမ်းသီး တစ်ကေလျှင် (၅၀၀)ပိဿာနှင့် မိုးစပါးတစ်ကေလျှင် (၁၀)တင်းခန့် ထွက်ရှိပါသည်။

ရော်ဘာ ဟင်းသီးဟင်းရွက်တို့သည် ဈေးကောင်းမရသောကြောင့် လုပ်ငန်းရှင်များ အကျိုးအမြတ်ရရှိမှုနည်းပါးသည်။ထိုလုပ်ငန်းသည် ဝင်ငွေနည်းသည့်အတွက် ကွမ်းသီးလုပ်ငန်းတစ်ခုတည်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။



Scanned by CamScanner

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၂၁) အိမ်ရှိပြီး ဝက်ကောင်းရေ (၇၁) ကောင်၊ ကြက်မွေးမြူထားသည့်အိမ်ထောင်စု(၇၆) အိမ်မှ (၅၀၆) ကောင်၊ အိမ်ထောင်စု (၃) အိမ်မှ (၆) ကောင်၊စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင်တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ၊လက်ဖက်ရည်ဆိုင်၊ကားမောင်းခြင်း၊လက်သမား၊ပန်းရံလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ကျေးရွာတွင်စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ကိုင်နေကြသောမိသားစုဝင်များသည်အသက်မွေးဝမ်းကျောင်းနည်းပညာနှင့်အစေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့်အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတတ်ပညာများကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့်အခြားဒေသများနှင့်နိုင်ငံရပ်ခြားဒေသတို့တွင်လုပ်ကိုင်သူဦးရေများပြားသဖြင့်လုပ်သားအင်အားရှားပါးပါသည်။ အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမှီသောကြောင့် လူငယ်များ မှ အသက်မွေးဝမ်းကြောင်း ပညာနိမ့်ကျနေပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုများအနေဖြင့်ကျေးရွာတွင်လိုအပ်သောလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များအတွက်သက်ဆိုင်ရာဌာနမှချေးငွေထုတ်ချေးပေးရန်လိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှု အနေဖြင့်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက်ခြံသမားများနှင့်လယ်သမားများအားချေးငွေရရှိမှုမရှိသေးပါ။တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ကိုင်နေကြသောမိသားစုဝင်များသည်ချေးငွေများလွယ်ကူစွာလိုသလောက်မရရှိသဖြင့်တစ်ပိုင်တစ်နိုင်လုပ်ငန်းမှစီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းနေကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး



Scanned by CamScanner

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၅၄၂) စီး၊ ကား (၃၅)စီး၊ သုံးဘီးဆိုင်ကယ်(၃)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်အလှမ်းဝေးကွာလွန်းသဖြင့် ဆိုလာစနစ် အသုံးပြုနေကြသည့်အိမ်ထောင်စု(၁၅)အိမ်ရှိပြီး၊ ဒီဇယ်သုံးအင်ဂျင်အသုံးပြုနေကြသည့် အိမ်ထောင်စု(၁၉၃)အိမ်ရှိပြီး၊အခြားနည်းစနစ်များဖြင့်မီးသုံးစွဲနေသောအိမ်ထောင်စု(၄၀)အိမ် ရှိကြပြီး၊ လျှပ်စစ်မီးလုံးဝအသုံးမပြုနိုင်သေးသောအိမ်ထောင်စု(၁၈)အိမ်ရှိပါသည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် (၂၀၁၄)ခုနှစ်တွင်ကိုယ်ထူကိုယ်ထမီးလင်းရေး ဆောင်ရွက်ရန်ဖွဲ့စည်းခဲ့ပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

နှင်းစုံကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၆၁) လုံး၊ တီဗွီ (၉) လုံးစသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

**၆။ ပညာရေး**

ကျေးရွာတွင်ပညာရေးအဆင့်အတန်းသည်အသင့်အတင့်သာရှိကြောင်းတွေ့ရပါသည် ။ ရွာသားအနည်းစုသည် အခြေခံအရေး၊အဖတ်၊တွက်ချက်မှုတို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့်ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင်အခြေခံအထက်တန်း ကျောင်းမရှိသောကြောင့်ရွာနှင့်(၅)မိုင်ခန့်ဝေးသော ဟံဂံကျေးရွာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ရင်းရယ်ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါး ပါသည်။ မိုးရာသီတွင်ကလေးသွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ ဖြစ်ပွားတတ်ပြီးလူငယ် လူကြီးများတွင်ရာသီတုပ်ကွေးရောဂါကူးစက်ခံရမှုရှိသည်။အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊မိသားစုဝမ်းစားအတွက်နေ့စဉ်ဝင်ငွေအသင့်အတင့်ရှိခြင်းကြောင့်ကျေးရွာအိမ် ထောင်စုဝင်များယေဘုယျအားဖြင့်အာဟာရချို့တဲ့မှုမရှိကြပါ။ ကျန်းမာရေး စောင့်ရှောက် မှုကိုကျေးရွာရှိကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ရရှိသည်။ ကလေးသူငယ်များအတွက်



Scanned by CamScanner

ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များကိုကျန်းမာရေးဌာနမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။

ကျေးရွာတွင်အိမ်ထောင်စု(၉၈%)ခန့်သည်စိမ့်စမ်းရေများသုံးစွဲနေကြသည်။ (၂%) ခန့် သာရေတွင်းကို အမှီပြုသုံးစွဲကြသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မိုးရာသီတွင် ရေကြီးရေလျှံလေ့ ရှိသောကြောင့် လမ်းတချို့ပျက်စီးကြပြီး သွားလာရန် အခက်အခဲနှင့်ကြုံရတတ်ပြီးမိုးဆက်တိုက်ရွာသွန်းလျှင်တချို့စပါးခင်းများရေနစ်မြုပ်ခံရသောကြောင့်ပျက်စီး၍နောက်တစ်ကြိမ်ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ရမှု ရှိပါသည်။

## ၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရင်းရယ်ကျေးရွာ၏ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမျိုးသားများဦးဆောင်လေ့ရှိသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင်အမျိုးသမီးများသည်အမျိုးသားများနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ကျေးရွာအတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကိစ္စရပ်များတွင်အမျိုးသမီးများ၏အခန်းကဏ္ဍနည်းပါးနေကြောင်းတွေ့ရသည်။မူလတန်းကျောင်းပညာရေးမှတက္ကသိုလ်ပညာရေးအထိကျား/မတန်းတူအခွင့်အရေးရှိပါသည်။



Scanned by CamScanner

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ရင်းရယ်ရှာအုပ်စု | | ရင်းရယ်ကျေးရွာ | |
|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြုလုပ်ငန်းစဉ်များ |
| ၁။ | အခြေခံဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်းကိုကွန်ကရစ်လမ်းသို့အဆင့်မြှင့်တင်ခြင်း။ |
| ၂။ | ပညာရေး | ကျောင်းအဆောက်အဦ(ဝန်ထမ်းအိမ်ယာ၊ပရိဘောဂ၊ သင်ထောက်ကူပစ္စည်း) | ဝန်ထမ်းအိမ်ယာတည်ဆောက်ခြင်း။ |
| ၃။ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းရေနုတ်မြောင်းတူးဖော်ခြင်း။ |



Scanned by CamScanner

## ရင်းရယ်ကျေးရွာ၊ ရင်းရယ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်ထိုက် | ဦးကျော်ငွေ | ၁၀/ရမန(နိုင်) ၁၅၁၀၅၃ | ၃၆ | ဥက္ကဋ္ဌ | |
| ၂ | ဦးစိုးမင်းထက် | ဦးဆန်းတင့် | ၁၀/ရမန(နိုင်) ၂၀၁၁၆၉ | ၂၂ | အတွင်းရေးမှူး | |
| ၃ | ဒေါ်ခင်တီ | ဦးမောင်ညွန့် | ၁၀/ရမန(နိုင်) ၁၂၂၂၉၇ | ၄၂ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးပြန်စိန် | ဦးပူး | ၁၀/ရမန(နိုင်) ၁၂၄၁၅၆ | ၆၁ | သော့ကိုင်(၁) | |
| ၅ | ဒေါ်ငွေရာ | ဦးဟရာ | ၁၀/ရမန(နိုင်) ၁၃၇၄၅၅ | ၆၇ | သော့ကိုင်(၂) | |
| ၆ | ဦးကျော်ငွေ | ဦးမောင်တင် | ၁၀/ရမန(နိုင်) ၁၁၉၈၉၇ | ၆၂ | အဖွဲ့ဝင် | |
| ၇ | ဦးရုပ် | ဦးလူကလေး | ၁၀/ရမန(နိုင်) ၀၇၁၉၄၀ | ၅၉ | စာရင်းကိုင် | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |



Scanned by CamScanner

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၁၄ | ၂၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၆၉ | ၄၄ | ၁၁၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၆ | ၅၈ | ၁၁၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၃ | ၆၀ | ၁၃၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၁၁ | ၆၅၆ | ၁၂၆၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၂၂ | ၄၇ |
| စုစုပေါင်း | | ၈၄၂ | ၈၅၄ | ၁၆၉၆ |
| စုစုပေါင်း အိမ်ထောင်စု | | | | ၄၁၉ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ရင်းရယ်ကျေးရွာသည် အိမ်ထောင်စု(၄၁၉)စု၊ လူဦးရေ(၁၆၉၆) ဦးရှိပါသည်။ရင်းရယ်ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ်(၁.၃၀%)၊မူလတန်းကျောင်းသားအရွယ်(၆.၇၂%)၊အလယ်တန်းကျောင်းသားအရွယ်(၇.၈၄%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၇၄.၇၁%)၊သက်ကြီးရွယ်ကြီးအရွယ်(၂.၇၇%)ရှိပါသည်။ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏(၂၅.၂၉)%ရှိပြီးအလုပ်လုပ်နိုင်သည့်အရွယ်ကျား(၆၆၁)ဦး၊မ(၆၅၆)ဦးစုစုပေါင်း(၁၂၆၇)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏(၇၄.၇၁)%ရှိပါသည်။ထို့ကြောင့်ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့်လူသားအရင်းအမြစ်ကောင်းများအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၆.၅ | သင့် | ရ | မြစ် |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၁၄၄၈.၂ | ကောင်း | ရ | စိမ့်စမ်း |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| | | | | |

Scanned by CamScanner

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | ၁၄၇၄.၇ | သင့်/ကောင်း | ရ | မြစ်၊စိမ့်စမ်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။။ရင်းရယ်ကျေးရွာတွင် လယ်မြေ(၂၆.၅) ဧကနှင့် ဥယျာဉ်ခြံမြေ(၁၄၄၈.၂) ဧက ရှိပြီးမြေဆီလွှာအရည်အသွေး အသင့်သင့်ပဲရှိပါသည်။ မြစ်ရေ၊စိမ့်စမ်းရေတို့မှ ရေရရှိပါသည်။**

### (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)** |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | - |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် –၂၈ C | ပျှမ်းမျှမိုးရေချိန်– | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ရင်းရယ်ကျေးရွာတွင်ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိပါ။**

### (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လုပ်ငန်းတာဝန်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁√ ၂☐၃☐ | ပညာရေး ☐ ငွေကြေး ☐ | ကျေးရွာတွင် အဓိကကျသည့် အဖွဲ့ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | ဖြစ်ပြီး သမာသမတ်ကျ၍ သြဇာရှိသောအဖွဲ့ဖြစ်သည်။ |
| ၂ | ရပ်မိရပ်ဖ | ၁√ ၂☐၃☐ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ရပ်ရွာအကျိုးကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့ဖြစ်သည်။ |
| ၃ | လူငယ်အဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာတွင်ဘာသာရေးပွဲများ အလှူပွဲများ ပျော်ပွဲရွှင်ပွဲများတွင် ပွဲဖြစ်မြောက်အောင် ပါဝင်ကူညီရသော အဖွဲ့ဖြစ်သည်။ |
| ၄ | သာရေး/နာရေး | ၁☐ ၂☐ ၃√ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သာရေးနှင့်နာရေးတွင် လူကြီးလူငယ်မရွေး တက်ကြွစွာပါဝင်ကူညီကြပါသည်။ |
| ၅ | ဂေါပက | ၁☐ ၂☐ ၃√ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘုရားပွဲများတွင်ပွဲပြီးမြောက်အောင် ပါဝင်ကူညီကြသောအဖွဲ့ဖြစ်သည်။ |
| ၆ | ကျောင်းကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျောင်းတွင်လိုအပ်သည့်ပစ္စည်းများကိုဖြည့်ဆည်းပေးခြင်းဖြင့်ကျောင်းဖွဲ့စည်းများအနေဖြင့်လည်းတစ်စိတ်တစ်ပိုင်းတွင်ပါဝင်ကူညီပါသည်။ |
| ၇ | လုံခြုံရေး | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | ကျေးရွာတွင် အဓိကကျသော အဖွဲ့အစည်းလည်းဖြစ်ပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

Scanned by CamScanner

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။။ရင်းရယ်ကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင်ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာ ဖြင့် ဆောင်ရွက်ကြပါသည်။ အမျိုးသမီးရေးရာနှင့်လူငယ်အဖွဲ့တို့ပူးပေါင်း၍ ကျေးရွာတွင်ပညာရေး၊ကျန်းမာရေးငွေကြေးကိစ္စများအား လိုက်ပါဆောင်ရွက်ပေးကြပါသည်။ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှာလည်း တိုင်းရင်းသားစာပေ၊ ဘာသာရေးစာပေ၊ရိုးရာယဉ်ကျေးမှုတို့အတွက်မရှိမဖြစ်လိုအပ်သော အဖွဲ့ဖြစ်ပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂.၅ဧက အထက် | ၅ဧကမှ၁၂.၅ဧက□ ပြား | ၂.၅ဧကမှ၅ဧက ကြား | ၂.၅ဧကအောက်နှင့် မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | အုတ်နှင့်ပျဉ်ထောင် အိမ် | သွပ်မိုးအိမ်နှင့်ထရံအိမ် | ဝါး၊ဓနိမိုးအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား/ဆိုင်ကယ် | ဆိုင်ကယ်/စက်လှေ | ဆိုင်ကယ်/စက်ဘီး | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ခြံစိုက် | ဈေးဆိုင် | ရော်ဘာခြစ်/ကွမ်းသီးခူး | ကျပန်း |
| **အိမ်ထောင်စု** | ၁၁ | ၅၁ | ၁၆၇ | ၁၉၀ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။။ရင်းရယ်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။မပြေလည်သောအိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ရာဘာခြစ်၊ကွမ်းသီးခူး စသည့်ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။**

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၃ | ၁၇.၄၂% | မြေမဲ့ယာမဲ့ |

Scanned by CamScanner

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၁၁၇ | ၂၇.၉၂% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၁၆၇ | ၃၉.၈၆% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၅၁ | ၁၂.၁၇% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၁၁ | ၂.၆၃% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၄၁၉ | ၁၀၀% | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား။)။ရင်းရယ်ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများနေပြီးနေ့စားကျပန်းနှင့်အလုပ်လုပ်ကိုင်နေကြပါသည်။၁၂.၅ကေအထက်ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေနည်းပါးပြီး တောင်သူလတ်အရေအတွက် ပိုများ ပါသည်။**

**(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျှမ်း မျှ | |
| ကွမ်းသီး | ၁၂၄၃.၆ | ပိဿာ | ၅၃၀ | ၆၆၀ | ၅၇၀ | ကွမ်းသီးဈေးများကောင်းသဖြင့်အကျိုးအမြတ်များ |
| ရာဘာ | ၁၃၂.၆ | ပေါင် | ၁၀ | ၁၂ | ၁၀ | ရော်ဘာဈေးနှုန်းမကောင်းသဖြင့်အကျိုးအမြတ်နည်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။။ရင်းရယ်ကျေးရွာသည်ဥယျာဉ်ခြံကိုအဓိကထားစိုက်ပျိုးသော ကျေးရွာဖြစ်ပါသည်။ဥယျာဉ်ခြံများမှာလည်းကုန်ဈေးနှုန်းကျဆင်းမှုကြောင့်အကျိုးအမြတ်ရရှိမှုနည်းပါ သည်။**

Scanned by CamScanner

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | | |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၂၁ | ၇၁ |
| ကြက် | ၇၆ | ၅၀၆ |
| ဘဲ | ၃ | ၆ |
| နွားနောက် | | |
| | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။။ရင်းရယ်ကျေးရွာတွင်ဝက်၊ကြက်၊ဘဲမွေးမြူရေးတို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ပင်လယ်၊မြစ်များနှင့်မနီးသောကြောင့်ငါးမွေးမြူခြင်းနှင့်ငါးဖမ်းခြင်းလုပ်ကိုင်သူမရှိပါ ။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| | | | | | |

Scanned by CamScanner

| | | | | | |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၃ | ၃၆ | | နိမ့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၃ | ၅ | ၂ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁၅ | ၁၅ | ၁၅ | နိမ့် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၅ | ၁၀ | ၅ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၄ | ၄ | နိမ့် |
| ၁၃ | ကျန်းမာရေး | ၁ | ၁ | ၁ | လတ် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | ၇၁ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရင်းရယ်ကျေးရွာတွင်စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး ပြည်ပထွက်အလုပ်လုပ်ကိုင်သူများများပြားလျှက်ရှိပါသည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ဟံဂံဈေး(ဟံဂံရွာ) | မြသီတာဈေး(ရေးမြို့) |
| ရွာမှအကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် √ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် √ |

Scanned by CamScanner

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ရင်းရယ်ကျေးရွာတွင်ရှိသည့်ဈေးသည်သီးနှံနှင့်စားသောက်ကုန်များသာရရှိပြီး ရေးမြို့၏ဈေးကြီးတွင်သာ လိုအပ်သော ပစ္စည်းများကိုဝယ်ယူရရှိနိုင်ပါသည်။**

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ညံ့√ | မိုးရာသီ ရာသီ √ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်√ ☐ |
| ချဉ်းကပ်လမ်း | ၁ ☐ ၂☐ ၃☐ ၄☐ ၅√ | ကောင်း√ သင့်√ ညံ့☐ | မိုးရာသီ ရာသီ ☐ တစ်နှစ်ပတ်လုံး√ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်√ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅√ | ကောင်း☐သင့်√ ညံ့☐ | မိုးရာသီ ရာသီ ☐ တစ်နှစ်ပတ်လုံး√ | ၀-၁ မိုင် ☐ ၁-၅ မိုင်√ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

**လေ့လာတွေ့ရှိချက်။ ။လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သော်လည်း ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်နေသည့်အတွက်မိုးတွင်းကာလတွင် လမ်းပေါ်ရေကျော်ခြင်း၊ရွှံ့ဗွက်များဖြစ်ခြင်း ကြောင့်သွားလာရေးအခက်အခဲများရှိပါသည်။**

**(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|

Scanned by CamScanner

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ √ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ √ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရင်းရယ်ကျေးရွာသည် ပင်လယ်၊မြစ်ကြောင်းများနှင့်နီးသော်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | ၃ | ၁၁ | ၅၄၂ | ၃ | | ၃၅ | | |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ရင်းရယ်ကျေးရွာတွင် ဆိုင်ကယ်၊ ကားများဖြစ် သယ်ယူပို့ဆောင်ရေး အတွက်အသုံးပြုနေကြပါသည်။

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၁၅ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၃၉၇ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၄ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၁၈ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

Scanned by CamScanner

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မဟာဓာတ်အားလိုင်းမရှိသော်လည်း ဒီဇယ်သုံးအင်ဂျင်ဖြင့် အသုံးပြုပြီးဖယောင်းတိုင်မီးများ၊မီးခွက်များလည်းအသုံးပြုနေရသဖြင့်မီးဘေးအန္တရာယ်အတွက်စိုးရိမ်ရပါသည်။**

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၈၁၆ | ၁ | ၃၅၈ |

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ရင်းရယ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကိုဖုန်း၊တီဗွီစသည်တို့မှရရှိသည်။**

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၇၃ | ၅၅ | ၁၂၈ |
| အလယ်တန်း | ၄၃ | ၄၇ | ၉၀ |
| အထက်တန်း | ၈ | ၂၆ | ၃၄ |
| တက္ကသိုလ်/ကောလိပ် | ၁ | ၁ | ၂ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။ ။ရင်းရယ်ကျေးရွာတွင်အလယ်တန်းအဆင့်ပညာရေးကို သင်ကြားနိုင်ပြီးအထက်တန်းအဆင့်ကိုရေးမြို့နယ်တွင်ဆက်လက်ပညာသင်ယူကြပါသည်။တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း အနည်းငယ်ရှိပါသည်။**

**(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ)<br>√ အလယ်တန်း | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐ |

Scanned by CamScanner

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ☐အထက်တန်း(ခွဲ)☐<br>အထက်တန်း ☐ | | | အထက်တန်း(ခွဲ) ☐<br>အထက်တန်း √ | | | အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် √<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် √<br>စက်ဘီး √<br>ဆိုင်ကယ် √<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး √<br>ဆိုင်ကယ် √<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၅၂၇၂ | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်√ ညံ့☐ | | | ကောင်း☐ သင့်√ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ √ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ √ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် √<br>ညံ့ √ မရှိ ☐ | | | ကောင်း ☐ သင့် √<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ √ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ √ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။** ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၁၀ | ၁၁ | ၂ | ၃၄ | ၃၆ | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား □ အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏** စုစုပေါင်းဧရိယာကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။။ရင်းရယ်ကျေးရွာတွင်စာသင်ကျောင်းကျောင်းဆောင်ရှိပြီးကျောင်းသုံးပရိဘောဂများလည်းလုံလောက်မှုမရှိပါ။**

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသော ရောဂါများ**

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်√ | နိမ့်☐ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်√ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်√ | နိမ့်☐ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်√ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ√ |
| ၆ | တီဘီ | မြင့်☐ | နိမ့်√ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်√ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်√ | မရှိ☐ |

Scanned by CamScanner

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့်☐မရှိ√ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐နိမ့်☐ မရှိ√ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ√ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ရင်းရယ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသည့်အတွက် ဝမ်းပျက်ဝမ်းလျှောနှင့်ငှက်ဖျားရောဂါများသည်ရှိသော်လည်း သက်သာပျောက်ကင်း ကြပါသည်။ ကျန်းမာရေးဌာနခွဲရှိသော်လည်း ကျန်မာရေးဟော ပြောပွဲများ ပြုလုပ်ရန်နှင့် ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များလိုအပ်ပါသည်။

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | မရှိ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ | |
| ၃ | ပိုလီယိုရောဂါ | ရှိ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ | |
| ၅ | ဝက်သက်ရောဂါ | | မရှိ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | မရှိ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ပုံမှန်ကာကွယ်ဆေး များအား ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ်တွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ √ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐ | ရှိ ☐<br>မရှိ √ |

Scanned by CamScanner

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင်အထက် √ | |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင်အထက် √ | ရှိ □<br>မရှိ □ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး ဆေးဝါးအလုံအလောက်ရှိပါသည်။ရေးမြို့နယ်နှင့်နီးပြီးအလွယ်တကူသွားလာနိုင်သောကြောင့်အရေးပေါ်အခြေအနေတွင်ရေးမြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ပေးရန်လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၂၁ | ကောင်း√ သင့်□ ညို□ | မိုး၊ဆောင်း |
| အဝီစိတွင်း/ စက်တပ် | | ကောင်း□ သင့်□ ညို□ | |
| အဝီစိတွင်း/ တုံကင် | | ကောင်း□ သင့်□ ညို□ | |
| မိုးရေ | | ကောင်း□ သင့်□ ညို□ | |
| သိုလှောင်ကန် | | ကောင်း□ သင့်□ ညို□ | |
| မြစ်/ချောင်းရေ | | ကောင်း□ သင့်□ ညို□ | |
| ရေကန် | | | |
| စိမ့်စမ်းရေ | ၄၀၅ | ကောင်း□ သင့်√ ညို□ | နွေ၊မိုး၊ဆောင်း |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထားအသုံးပြုကြသော်လည်း နွေရာသီတွင် ရေတွင်းများမှာရေခမ်းသဖြင့် စိမ့်စမ်းရေကိုသာအဓိကအသုံးပြုကြသည်။ နွေရာသီရေမလုံလောက်မှုမဖြစ်ပေါ်စေရန် ရေလှောင်ကန်နှင့်ရေပိုက်များ ပြုပြင်အားကောင်းသဖြင့် နွေရာသီရေမလုံလောက်မှုမဖြစ်ပေါ်စေရန်လိုအပ်နေပါသည်။

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၃၈၇ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | ၁ |
| အိမ်သာမရှိ | ၃၁ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိ |
| ၃ | ရေကြီးခြင်း | ရှိ |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | ရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှော | မရှိ |
| ၈ | မီးဘေး | ရှိ |
| ၉ | ဆားငန်ရေဝင်မြေ | ရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | ရှိ |
| ၁၃ | တီဘီရောဂါ | ရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | ရှိ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ရင်းရယ်ကျေးရွာသည်စိုက်ပျိုးရေး(ဥယျာဉ်ခြံ)လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသော်လည်းဈေးကွက်မတည်ငြိမ်မှု၊ ဈေးနှုန်းကျဆင်းမှုတို့ကြောင့် စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ် များပြားပြီး ငွေနှင့် ရိက္ခာဖူလုံမှုအနည်းငယ်လျော့နည်းပါသည်။ ဘေးအန္တရာယ် ကျရောက်မှုထိခိုက်မှုလတ်တလောတွင်မရှိသော်လည်း ဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အသိ ပညာပေးလုပ်ဆောင်ရန်နှင့်ထိရောက်လျှင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်။

တစ်ခါတစ်ရံတွင်တောမီးရှို့များရှို့သဖြင့်မီးဘေးအန္တရာယ်အနေနှင့်ရှိခဲ့ပြီး သစ်တောပြုန်းတီးခြင်း အနည်းငယ် ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ ကျေးရွာသူ၊ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ရာသီကူးပြောင်းမှုများတွင် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ဝက်တုပ်ကွေးရောဂါများဖြစ်ပွားမှုအနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှုမရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | မြေဆီလွှာပြုပြင်မှုမရှိခြင်း |
| အပင်မျိုးစိတ်များ | နိမ့် | နှစ်ရှည်ပင်များအစားထိုးစိုက်ပျိုးခြင်း |
| ရေအရင်းအမြစ် | လတ် | ချောင်းများသန့်ရှင်းမှုမရှိခြင်း |
| ငါးမျိုးကွဲများ | နိမ့် | ချောင်းအတွင်းငါးဖမ်းခြင်းကိုကန့်သတ်ရန်လိုအပ်ခြင်း |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | သဘာဝတောများရှားပါးခြင်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရင်းရယ်ကျေးရွာ၏ မြေဆီလွှာအခြေအနေမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။ စိုက်ပျိုးရေး အတွက် မိုးရေ/ချောင်းရေကိုသာ အဓိကထားစိုက်ကြပါသည်။ ကျေးရွာပိုင်ချောင်းမှငါးမျိုးများမျိုးမတုံးစေရန်ထိန်းသိမ်းစောင့်ရှောက်မှုများစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(၁၀ ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ √ |

Scanned by CamScanner

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ √ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရင်းရယ်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော် လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့်လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်းလေ့လာတွေ့ရှိရပါသည်။အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

Scanned by CamScanner

နှင်းစုံကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးမဟာ တည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | | | | | |
| | • ရွာတွင်းလမ်း မကောင်းခြင်း | • မြေသားလမ်း ဖြစ်နေခြင်း<br>• ငွေကြေး ချို့တဲ့ခြင်း | • ကျောက်များရရှိနိုင်ခြင်း<br>• ပြည်သူထည့်ဝင်ငွေများ ထည့်ဝင်နိုင်ခြင်း<br>• သွားလာရေးလွယ်ကူ ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာဆပ်ကော်မတီဖွဲ့ စည်းပြီး ကျေး/လက် ဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | • လမ်းပန်းဆက်သွယ်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br>• လမ်းတံတားများ ဆောက်လုပ် ခြင်း၊ ပြုပြင်ခြင်းများ (ကွန်ကရစ်လမ်း) |
| ၂ | ပညာရေး | | | | | |
| | • ဝန်ထမ်းများကျောင်း ဆောင်တွင် နေထိုင်ရခြင်း | • ဝန်ထမ်းအိမ်ရာ မရှိခြင်း | • ဝန်ထမ်းများနေထိုင် ရန်အဆင်ပြေခြင်း | • ကျေးရွာမှငွေကြေးအ လုံလောက်မတက်နို င်ခြင်း | • ပညာရေးဌာနနှင့် ချိတ် ဆက်၍လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း၊<br>• ကျေးရွာဆပ်ကော်မတီဖွဲ့ စည်းပြီး ကျေး/လက် ဌာနနှင့်ချိတ်ဆက်ဆော င် ရွက်ခြင်း | • လူနေမှု အဆင့်အတန်းမြင့်မား အောင် ဆောင်ရွက်ခြင်း<br>• ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း |
| ၃ | အခြေခံအဆောက်အဦ | | | | | |
| | • ရေကြီးရေလျှံဖြစ်ခြင်း | • ရေနုတ်မြောင်းမရှိခြင်း | • ကျေးရွာသန့်ရှင်းမှုရရှိ ခြင်း<br>• ပြည်သူထည့်ဝင်ငွေများ ထည့်ဝင်နိုင်ခြင်း<br>• လုပ်အားဖြင့်ပါဝင်ကူညီ နိုင်ခြင်း | • ငွေကြေးမတက်နိုင်ခြ င်း။ | • ကျေးရွာဆပ်ကော်မတီဖွဲ့ စည်းပြီး ကျေး/လက် ဌာနနှင့်ချိတ်ဆက်ဆော င် ရွက်ခြင်း | • လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အော င် ဆောင်ရွက်ခြင်း<br>• ရေနုတ်မြောင်းများပြုလုပ် လိုခြင်း |



Scanned by CamScanner